EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၀ ဇူလိုင် ၃၁ ရက်၊ ၂၀၁၈

## မကွေးတိုင်းစည်ပင်ဝန်ကြီး နုတ်ထွက်ပေးရန် တိုင်ကြားမှု ဝန်ကြီးချုပ် ပြန်လည်ရှင်းလင်း

ဇူလိုင် ၂၄၊ ၂၀၁၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း နုတ်ထွက်ပေးရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၄၄ ဦးက စုပေါင်းလက်မှတ်ထိုးကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သို့ မိတ္တူပေးပို့၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ထံ တိုင်ကြားမှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည့် တိုင်းလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ပြန်လည်ရှင်းလင်းခဲ့သည်။

မကွေးတိုင်းအတွင်း မြို့နယ် ၂၅ မြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့အစည်းများအား နိုင်နင်းစွာ စီမံကွပ်ကဲမှုမပြုနိုင်ခြင်း၊ မကွေးမြို့တွင် ရေနုတ်မြောင်းများ ဖောက်လုပ်ရာ၌ လုပ်ငန်းများမပြီးပြတ်နိုင်သောကြောင့် အများပြည်သူမှ ဝေဖန်မှုများရှိနေခြင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ ၃/၂၀၁၈ အရေးပေါ်အစည်းအဝေးတွင် စည်ပင်ဝန်ကြီးက ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်များတင်ပြရာတွင် အချိန်နောက်ကျလွန်းခဲ့ခြင်း စသည်တို့နှင့်ပတ်သက်၍ ဝန်ကြီးချုပ်ထံ ဇွန် ၁၅ ရက်က စာပေးပို့တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုင်ကြားစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီရုံးချုပ်တို့ထံလည်း မိတ္တူများပေးပို့ခဲ့သည်။ တိုင်ကြားစာနှင့်ပတ်သက်၍ တိုင်းဝန်ကြီးချုပ်နှင့် စီမံဘဏ္ဍာဝန်ကြီးတို့အား ဖြေရှင်းချက်ပေးရန် ညွှန်ကြားခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ဖြေရှင်းချက်ပေးခဲ့ကြောင်း သိရသည်။

ဒေါက်တာအောင်မိုးညိုက "စည်ပင်သာယာက ဒုတိယအင်ဂျင်နီယာမှူးကြီး၊ အင်ဂျင်နီယာ၊ လက်ထောက်အင်ဂျင်နီယာ၊ အကြီးတန်းစာရေးတို့ကို ကျွန်တော်တို့ တစ်နှစ်ရာထူးလျှော့ချလိုက်တာ ရှိပါတယ်။ ဝန်ထမ်း ၂၀ ကို နေရာပြောင်းအရေးယူခဲ့ပါတယ်။ နောက်တစ်ဆင့် ရေစီးရေလာမကောင်းဘူးဆိုတာလည်း မှန်ပါတယ်။ သို့သော်လည်းပဲ ရေစီးရေလာမကောင်းတာ မပြီးသေးဘူးခင်ဗျ။ အဓိကဖြစ်တဲ့ နိုင်လွန်ကတ္တရာလမ်းတွေကို မပျက်စီးအောင် ဦးစားပေးတာပါ။ ရေစီးရေလာမကောင်းတာကို ဘယ်လိုလုပ်ပေးစေချင်လဲ။ ဘယ်လိုလုပ်ရမှာလဲ။ ဒါလုပ်ဖို့ ပိုက်ဆံပေးမှာလား။ လုပ်ပေးမယ်။ ဥပမာ- တချို့တိုးချဲ့ရပ်ကွက်တွေမှာဆိုရင် အိမ်တွေကလမ်းနဲ့နီးပြီးတော့ လမ်းကိုယ်တိုင်က မြောင်းဖြစ်နေတာ။ အဲဒီတော့ အိမ်တွေကမြောင်းမရှိဘဲ လမ်းကိုယ်တိုင်မြောင်းလိုစီးနေတာတွေ မှန်ပါတယ်။ ပိုက်ဆံပေးသူမရှိပါဘူး။ ရှိမှသာလျှင် ကျွန်တော်တို့က ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မကွေးတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးတာက "စည်ပင်ကရေမြောင်းတွေဆိုတာ သိပြီးသားတွေထားပါဦး။ ကျွန်တော်တို့က ဘတ်ဂျက်နဲ့ပတ်သက်ပြီး သူ(စည်ပင်ဝန်ကြီး)က အချိန်မီမပို့တာကို ဝန်ကြီးချုပ်ကိုတိုင်တာပါ။ သူ့လူကို အရေးယူပေးဖို့။ ကျွန်တော်တို့ အရပ်သားကိုယ်စားလှယ် ၄၅ ဦးမှာ ဥက္ကဋ္ဌရော၊ ဒုတိယဥက္ကဋ္ဌအပါအဝင် ၄၄ ဦးလက်မှတ်ထိုးပြီး တိုင်တာပါ။ ဝန်ကြီးကိုနုတ်ထွက်ပေးဖို့၊ တာဝန်မကျေဘူး။ ဘတ်ဂျက်ဆိုတာ ဘယ်ဟာပဲဖြစ်ဖြစ် အိမ်တစ်အိမ်ပဲကြည့်ကြည့်၊ တိုင်းပြည်တစ်ပြည်ပဲကြည့်ကြည့် ဘတ်ဂျက်ဆိုတာ အရေးအကြီးဆုံးပါ"ဟု ပြောကြားခဲ့သည်။ **(ကိုးကား:-http://news-eleven.com)**

## အဆိုအောင်ပြီး အကောင်အထည်မဖော်နိုင်သည့်ကိစ္စများ ကြားနာပွဲ ကျင်းပမည်

ဇူလိုင် ၂၄၊ ၂၀၁၈

ပဲခူးတိုင်းလွှတ်တော်မှ အဆိုအောင်မြင်သော်လည်း အကောင်အထည်မဖော်ဆောင်နိုင်သည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာဌာနများအား မကြာမီကြားနာပွဲကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်အစိုးရ၏ အာမခံချက်များနှင့် ကတိကဝတ်များဆိုင်ရာ ကော်မတီထံမှ သိရသည်။

ပြီးခဲ့သည့်နှစ် မတ်လက ကျင်းပခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ရဲတပ်ဖွဲ့ဝင်များကို တည့်မတ်ထိန်းကျောင်းရေးအဆို အောင်မြင်ခဲ့သော်လည်း အကောင်အထည်ဖော်ဆောင်နိုင်ခြင်း မရှိသေးပါ။ ထို့ပြင် လောင်းကစားများကို ထိရောက်စွာနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့်မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားခြင်းများကို ဥပဒေနှင့်အညီ ကြပ်မတ်ရန်အဆိုကို သဲကုန်းမြို့နယ် တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က တင်သွင်းအောင်မြင်ခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။

ယင်းအဆိုများအပါအဝင် လွှတ်တော်သက်တမ်း ၂ နှစ်တာအတွင်း တင်သွင်းအောင်မြင်သော်လည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိသည့် အဆိုစုစုပေါင်း ၃ ခု ရှိကြောင်း သိရသည်။

**(ကိုးကား:- The Voice Daily)**

# ရန်ကုန်တိုင်းအတွင်း စက်ရုံလုပ်ငန်းများ တိုးတက်လာသည် ဆိုသည့် အပေါ် ဒေါ်စန္ဒာမင်း မေးခွန်းထုတ်

ဇူလိုင် ၂၁၊၂၀၁၈

ရန်ကုန်တိုင်းအတွင်းစက်ရုံလုပ်ငန်းများ တိုးလာသည်ဟု ပြောဆိုခဲ့သော တိုင်းအစိုးရအား လှိုင်သာယာစက်မှုဇုန်ရှိ ပိတ်သိမ်းခဲ့သော စက်ရုံ ၁၄ ခုစာရင်းပြသ၍ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက မေးခွန်းထုတ်လိုက်သည်။

ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ဒေါ်စန္ဒာမင်းက ဇူလိုင်လ ၂၀ ရက်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ မေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်မဆီကို ရောက်ရှိလာသော ထပ်မံပိတ်သိမ်းမည့် စက်ရုံစာရင်းတွေကိုကြည့်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရက စက်ရုံလုပ်ငန်းပေါင်း ခြောက်ရာလောက် တိုးလာတယ်လို့ပြောလို့ ဘယ်ကိန်းဂဏန်းကို အခြေခံပြီးများ ပြောတာပါလိမ့်လို့ စဉ်းစားနေမိတယ်"ဟု ဒေါ်စန္ဒာမင်းက ရေးသားထားသည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုတစ်ပတ်အတွင်း ပြုလုပ်ခဲ့သည့် ဘီဘီစီသတင်းဌာနနှင့် အင်တာဗျူးတွင် ၎င်းတို့အစိုးရလက်ထက်၌ အထည်ချုပ်လုပ်ငန်း ၂၀၀ ဝန်းကျင်မှ ၆၀၀ ဝန်းကျင်အထိ တိုးတက်လာကြောင်း ပြောကြားထားသည်။

မေလ ၇ ရက်နေ့မှ ဇူလိုင်လ ၇ ရက်နေ့အထိ ရန်ကုန်တိုင်းအတွင်း ပိတ်သိမ်းခဲ့သည့် စက်ရုံ၁၄ ခု စာရင်းတွင် အထည်ချုပ်စက်ရုံ ၄ ခု၊ လူသုံးကုန်ပစ္စည်းလုပ်ငန်းများ၊ အစားအသောက်လုပ်ငန်းများ ပါဝင်နေပြီး နာမည်ကြီးအမှတ်တံဆိပ်များထဲမှ ဝါးဟားဟားရေခဲမုန့်၊ Beauty Palace၊ မြို့မဆင်ဖြူတော်ပဲဆီသန့် စသည့်လုပ်ငန်းများလည်း ပါဝင်နေသည်။

အဆိုပါ ပိတ်သိမ်းမည့် စက်ရုံများတွင် ကျား ၅၈၉ ဦး၊ မ ၃၁၅၀ ဦး စုစုပေါင်းအလုပ်သမား ၃၇၃၉ ဦး လုပ်ကိုင်နေသည်ဟု


ဓာတ်ပုံ-မဇ္ဈိမ

စာရင်းများအရ သိရသည်။

NLD အစိုးရလက်ထက်တွင် ယခုလပိုင်းအတွင်း လေကြောင်းလိုင်းများ၊ ဟိုတယ်လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ လုပ်ငန်းရပ်နားခြင်းတို့ကို ဆက်တိုက်ပြုလုပ်လျက်ရှိနေကြောင်း ပြည်တွင်းရှိ သတင်းမီဒီယာများတွင် ဖော်ပြလျှက်ရှိသည်။

**(ကိုးကား - http://www.mizzimaburmese.com)**

# Power Eleven ကုမ္ပဏီ၏ အချက်အလက်များအား တိုင်းလွှတ်တော်ကော်မတီ တောင်းခံ

ဇူလိုင် ၁၇၊ ၂၀၁၈

ငွေစာရင်းများကို ပွင့်လင်းမြင်သာစွာ မရှင်းလင်းခဲ့ခြင်းကြောင့်ဟုဆိုကာ တိုင်းလွှတ်တော်ကော်မတီသို့ တိုင်ကြားခံထားရသည့် Power Eleven ကုမ္ပဏီ၏ အချက်အလက်များအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာကော်မတီမှ တောင်းခံထားကြောင်း ကော်မတီဝင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦး (ပန်း ဘဲတန်း-၁)က ပြောကြားသည်။

"ကော်မတီဥက္ကဋ္ဌကနေပြီးတော့ သတ်မှတ်ချက် ၁၀ ခုလောက် သတ်မှတ်ပြီးတော့ ဇူလိုင် ၂၃ ရက် နောက်ဆုံးထားပြီး ကော်မတီကို ပေးပို့ဖို့ပြောထားတယ်။ ၂၀၁၇ အောက်တိုဘာကနေ ၂၀၁၈ ဇွန်အထိကို လအလိုက် ယာဉ်တွေရဲ့ယာဉ်နံပါတ်တွေ၊ ယာဉ်ပိုင်ရှင်တွေ၊ ရရှိငွေစာရင်းတွေ၊ နောက်ပြီးတော့ အစည်းအဝေးမှတ်တမ်းတွေ၊ CCTV တပ်စဉ်ဖို့ ကောက်ခံထားတဲ့ ငွေကိစ္စတွေ၊ ငွေပုံးကိုဖောက်ပြီးတော့ ရေတွက်တဲ့သူတွေ အမည်တွေ နေ့စဉ်ရငွေတွေ၊ ၃၂ သိန်းလှူဒါန်းထားတဲ့ကိစ္စတွေ၊ ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုဟာတွေ၊ Power Eleven ကုမ္ပဏီရဲ့ လစဉ်ဝင်တဲ့ဟာတွေ အားလုံး အချက် ၁၀ ချက်ကို လွှတ်တော်ကော်မတီက ပေးလိုက်တယ်။ သူတို့ကို စစ်ဆေးတယ်ဆိုတာထက် တွေ့ရှိချက်တွေကို တင်ပြမယ်"ဟု ၎င်းကပြောကြားသည်။

ထို့ပြင် မြန်မာတိုင်း(မ်)သတင်းစာတွင် Power Eleven ကုမ္ပဏီမှ ကိုတရုတ်လေးက သက်ဆိုင်ရာအဖွဲ့မှ ဝင်ရောက်စစ်ဆေးရာတွင် ငွေအလွဲသုံးစားမှုမရှိကြောင်း၊ တိုင်းလွှတ်တော်ကော်မတီသို့ တိုင်ကြားရာတွင်လည်း စစ်ဆေးရာတွင် အဖြေမပေါ်ခဲ့ဟု ဖော်ပြခဲ့ကြောင်း၊ သို့သော် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုကော်မတီအနေဖြင့် စစ်ဆေးခြင်းများ မပြုလုပ်ရသေးကြောင်း ဦးသန်းနိုင်ဦးက ပြောကြားသည်။

**(ကိုးကား-http://news-eleven.com)**

# ဧရာဝတီတိုင်း ဖွံ့ဖြိုးရေးရန်ပုံငွေ ၅ ဒသမ ၂ ဘီလီယံ လာမည့်လဆန်းတွင် ပြန်ပေးမည်

ဇူလိုင် ၂၇၊ ၂၀၁၈

ဧရာဝတီတိုင်းဒေသကြီး ကျန်းမာ၊ ပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဟောင်းမှ လွှဲပြောင်းလှူဒါန်းခဲ့သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၅ ဒသမ ၂ ဘီလီယံ (ကျပ်သိန်းပေါင်း ၅ သောင်း ၂ ထောင် ကျော်)အား နိုင်ငံတော်သို့ ဩဂုတ်လ ၂ ရက်နေ့တွင် ပြန်လည်ပေးအပ်သွားမည်ဟု ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကိစ္စမှာ ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး၌ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ဖျာပုံမြို့နယ် အမှတ် ၁ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုဇေယျာမင်းသိန်းက လွှတ်တော်တွင်မေးမြန်းရာမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လွှတ်တော်အတွင်း မေးမြန်းမှုနှင့်ပတ်သတ်၍ ဝန်ကြီးချုပ်ဟောင်း ဦးမန်းဂျော်နီဦးဆောင်သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ်အတွင်း ဧရာဝတီ ကျန်းမာ ပညာဖောင်ဒေးရှင်းအပေါ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတရုံးက တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဧရာဝတီ ကျန်းမာ၊ ပညာ ဖောင်ဒေးရှင်းအား စစ်ဆေးစေခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်း ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ဦးသိန်းအောင်၏ ယခင်အစိုးရလက်ထက်တွင် ဧရာဝတီတိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနာမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင်များအား တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေထည့်ဝင်စေခြင်း၊ အနုပညာဂီတဖျော်ဖြေပွဲများပြုလုပ်၍ ရန်ပုံငွေရှာဖွေခြင်းများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ၌ ရှုံးနိမ့်ပြီးနောက် ဝန်ကြီးချုပ် ဦးသိန်းအောင်၏ တိုင်းအစိုးရအဖွဲ့ ရာထူးမှ ဆင်းပေးခါနီးအချိန်တွင် ၎င်းတာဝန်ယူစဉ် ဆောင်ရွက်ခဲ့သည့် ဖောင်ဒေးရှင်းအား ဖျက်သိမ်း၍ ဧရာဝတီတိုင်းဒေသကြီး ကျန်းမာ၊ ပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းအဖြစ် အသစ်ပြန်လည်ဖွဲ့စည်းကာ ယခင်ဖောင်ဒေးရှင်းအဟောင်းမှ ငွေများကို ဖောင်ဒေးရှင်းအသစ်ထံသို့ လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

လှူဒါန်းငွေ ၅ ဒသမ ၂ ဘီလီယံအနက် ကျပ်ငွေသိန်း ၄၂၂၀ ကျော်ကို ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ၂၀ တွင် ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် ချေးထားခဲ့ပြီး ကျပ်သိန်း ၈၀၀၀ ကျော်ကို ယုံကြည် စိတ်ချရသည့် လုပ်ငန်းရှင်များနှင့် အကျိုးတူစီးပွားရေး လုပ်ကိုင်ထားကြောင်း၊ ကျန်ငွေ ၄ ဘီလီယံအား ပုသိမ်မြို့ရှိ ဘဏ် ၄ ခုတွင်ခွဲ၍ အပ်နှံထားကြောင်း ကျန်းမာ၊ ပညာဖောင်ဒေးရှင်းက ထုတ်ဖော်ပြောဆိုထားသည်။

**(ကိုးကား-https://burma.irrawaddy.com)**




ဒေါ်စုစုအောင် (မြန်အောင်မြို့နယ် တိုင်းဒေသကြီး ကိုယ်စားလှယ်)

# မြေယာနှင့် အဆောက်အဦအခွန်များ စိစစ်ကြပ်မတ်ရန် တိုင်းအစိုးသို့ တိုက်တွန်း

ဇူလိုင် ၂၆၊ ၂၀၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြေယာခွန်နှင့် အဆောက်အဦခွန်များကို စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံရန် တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို မြန်အောင်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်က တင်သွင်းခဲ့သည်။

အခွန်ဘဏ္ဍာများရှာဖွေသည့်ဌာနများ အဂတိကင်းရှင်းစွာဖြင့် အခွန်လေလွင့်မှုမရှိဘဲ အခွန်ပုန်း၊ အခွန်ရှောင်များကို ကောက်ခံနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန် အကောက်များ အပြည့်အဝရရှိစေရေးအတွက် အခွန်ယဉ်ကျေးမှုထွန်းကားပြီး ပွင့်လင်းမြင်သာစွာ စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးနိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေမှာ နိုင်ငံရေးတည်ဆောက်နေသည့် ကာလဖြစ်နေသောကြောင့် ပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပို၍ အစိုးရမှ လုပ်ပေးနိုင်စေခြင်းဖြင့် ဖွံ့ဖြိုးမှုမြန်ဆန်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ အဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း ဒေါ်စုစုအောင်က ဆိုသည်။

ယင်းအဆိုကို ကျိုက်လတ်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ထောက်ခံခဲ့ပြီး တိုင်းဒေသကြီးအစိုးရ စီမံဘဏ္ဍာဝန်ကြီးက အဆိုအား ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် ထောက်ခံခဲ့ပြီး လွှတ်တော်က ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

**(ကိုးကား - http://mizzimaburmese.com)**